ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

စာအမှတ်၊ မကမ-၀၁/ စီမံ-ထွေ/၂၀၂၃ (၀၇၂၂ )
ရက် စွဲ ၊ ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁၈ ရက်

အကြောင်းအရာ။ ဈေးနှုန်းအဆိုပြုလွှာများ ပေးသွင်းရန်ဖိတ်ခေါ်ခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၊ ငွေလုံးငွေရင်း(မူလ)ခွင့်ပြုရန်ပုံငွေဖြင့် Internal Call Telephone Systemနှင့် ရုံးသုံးပရိဘောဂများအား ဝယ်ယူလိုပါသဖြင့် ရောင်းချလိုသည့် ကုမ္ပဏီ/အရောင်းဆိုင်များသည် (၁၈-၄-၂၀၂၃ မှ ၂၅-၄-၂၀၂၃) ရက်နေ့အထိ ဈေးနှုန်းအဆိုပြုလွှာများအား အောက်ပါသတ်မှတ်စံချိန်စံညွှန်းနှင့်အညီ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| Lot No | | Machinery and Equipment | QTY |
|---|---|---|---|
| Lot-1 | (a) | Internal Call Telephone System<br>- KX-12-32 16 SCL EXENSION CARD<br>- Line In/Line Out (48)<br>- Telephone Socket<br>- Emphenol Jack Cable<br>- Telephone point (Installation)<br>- DT 7730 (KEY PHONE)<br>- 2 Pair cable<br>- Programming Charges<br>- Base Box<br>- M-7 Wall plus<br>- Screw<br>- Telephone Handsaat kyoe<br>- Telephone RG 11 Head<br>- Telephone | 1 Nos |
| Lot-2 | | Furniture | QTY |
| | (a) | Book Shelf<br>- L 6'6"x B 2'x H 6'6" | 20 Nos |
| | (b) | Iron Cupbord<br>- 3'x 1.5'x 6' | 5 Nos |

| | | |
|---|---|---|
| | (c) 4 Drawer Cabinet<br>– B 2'x L 1'.6"x H 4' | 5 Nos |

၂။ ဈေးနှုန်းအဆိုပြုလွှာတင်သွင်းမည့် ကုမ္ပဏီ/အရောင်းဆိုင်များသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာရပါမည်-

(က) ဈေးနှုန်းတင်သွင်းလွှာများကို ညွှန်ကြားရေးမှူး၊ စီမံရေးရာဌာနခွဲ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့သို့ လိပ်မူ၍ (၂၅ . ၄ . ၂၀၂၃)ရက်နေ့ အရောက်ပေးပို့ရပါမည်။

(ခ) တင်ဒါအဆိုပြုလွှာများ(ဈေးနှုန်းကမ်းလှမ်းလွှာ)ကို ဌာနဈေးနှုန်းစိစစ်ရေးအဖွဲ့မှ စိစစ်၍ သတ်မှတ်အရည်သွေးနှင့်ကိုက်ညီပြီး ဈေးနှုန်းအနည်းဆုံးဖြစ်သော ကုမ္ပဏီအား ဌာနတွင်း တင်ဒါကော်မတီမှ စိစစ်ပြီး ဝန်ကြီးဌာန တင်ဒါကော်မတီသို့ အမှတ်တမ်းတင်အတည်ပြုနိုင်ရေး ဆက်လက်တင်ပြဆောင်ရွက်မည်။

(ဂ) အဆိုပြုလွှာတင်သွင်းသူများသည် ဌာနတွင်းတင်ဒါကော်မတီ ရှေ့မှောက်တွင် Lotအလိုက်တင်သွင်းမည့် ပစ္စည်းများအား အမျိုးအစားအလိုက် အသေးစိတ်ရှင်းလင်းတင်ပြရမည်ဖြစ်ပြီး လာရောက်သူသည် လုပ်ငန်းရှင်ကိုယ်တိုင် (သို့မဟုတ်) ဈေးနှုန်းနှင့် ပစ္စည်းအပေါ် အဆုံးအဖြတ်ပေးနိုင်သည့်ပုဂ္ဂိုလ်ဖြစ်ရမည်။

(ဃ) ဝန်ကြီးဌာန တင်ဒါကော်မတီမှ အတည်ပြုရွေးချယ်ခံရသူထံမှသာ သတ်မှတ်ချက်များနှင့်အညီ ဝယ်ယူမည်။

(င) ဈေးနှုန်းအဆိုပြုလွှာ တင်သွင်းရာတွင် ကုန်ပစ္စည်းများ၏ အမှတ်တံဆိပ်၊ အရည်အသွေး၊ စံချိန်စံညွှန်းတို့ကို ပြည့်စုံစွာရေးသားဖော်ပြရမည်။ ဌာနမှ ဖော်ပြထားသောသတ်မှတ်စံချိန်စံညွှန်းနှင့် အရည်အသွေးနှင့်အထက်မနိမ့်သောပစ္စည်းများဖြစ်ရမည်။

(စ) ပစ္စည်းတစ်မျိုးချင်းစီ၏ ဈေးနှုန်းကို အသေးစိတ်ဖော်ပြရမည်။ ဈေးနှုန်းလွှာနှင့်အတူ ပစ္စည်းနမူနာ (သို့) Catalogue ကိုလည်းကောင်း၊ တင်သွင်းမည့်ပစ္စည်းများအတွက် ပူးတွဲ တင်ပြရမည်။

(ဆ) တင်ဒါအောင်မြင်ပြီးသော ကုမ္ပဏီသည် ပြည်တွင်းအခွန်များဦးစီးဌာနသို့ ဝယ်ယူသည့်စာချုပ်၏တန်ဖိုး (တံဆိပ်ခေါင်းခွန်) ၁% ကိုလည်းကောင်း၊ ပစ္စည်းတန်ဖိုးတောင်းခံရယူခြင်းအတွက် ကုန်သွယ်လုပ်ငန်းခွန် ၅% ကိုလည်းကောင်းနှင့် ပစ္စည်းတန်ဖိုးပေးချေခြင်းတွင် ပင်ရင်းမှ ဖြတ်တောက်ပေးသွင်းရမည့် အခွန် ၂% ကိုလည်းကောင်း ပေးချေဖြတ်တောက်ခြင်းများကို သဘောတူရမည်။

( ဇ ) ဈေးနှုန်းလွှာနှင့်အတူ ပစ္စည်းနမူနာ (သို့) Catalogue ကို ပူးတွဲတင်ပြရမည်။

( ဈ ) တင်ဒါအောင်မြင်ပြီးသော်လည်းကောင်း၊ ကုန်ပစ္စည်းပေးသွင်းရန် ရွေးချယ်ခံရပြီးကြောင်း အကြောင်းကြားပြီးသော်လည်းကောင်း၊ ငြင်းဆိုခဲ့လျှင် နာမည်ပျက်စာရင်းတွင် ထည့်သွင်းခံရမည်ဖြစ်သည်။

(ည) နိုင်ငံတော်အစိုးရမှ အမည်ပျက်စာရင်း(Black List) တင်တွင်းထားသော ကုမ္ပဏီ/အရောင်းဆိုင်/လူပုဂ္ဂိုလ်ဖြစ်ပါက တင်ဒါအောင်မြင်ပြီးသော်လည်း ပယ်ဖျက်ပါမည်။

( ဋ ) တင်သွင်းသောပစ္စည်းများ၏ ဈေးနှုန်းသည် ရုံးအမှတ်(၃)၊ နေပြည်တော်အရောက်ဈေးနှုန်းဖြစ်ရမည်။

( ဌ ) တင်ဒါအောင်မြင်သော ကုမ္ပဏီ/အရောင်းဆိုင်အား ဌာနမှ ပစ္စည်းလက်ခံရရှိပြီးငွေပေးချေရာတွင် သတ်မှတ်ချက်များအတိုင်းသာပေးချေသွားမည်ဖြစ်ပါသည်။

( ဍ ) တင်ဒါအောင်မြင်သူများသည် လုပ်ငန်းစာချုပ် ချုပ်ဆိုပြီးသည့် နေ့မှစ၍ (၁)ပတ်အတွင်း Performance Guarantee (၁၀%)ပေးသွင်းရမည်။

(ဏ) ပေးသွင်းသည့် ကုန်ပစ္စည်းများ ပြည့်စုံစွာပေးသွင်းချိန်တွင် အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီမှ စစ်ဆေးအတည်ပြုချက်ရရှိမှသာ Performance Guarantee အားပြန်လည်ထုတ်ပေးမည်ဖြစ်ပါသည်။

(တ) ပေးသွင်းသည့် ပစ္စည်းသည် အသစ်ဖြစ်ပြီး ဈေးနှုန်း၊ အရည်အသွေး၊ ပစ္စည်းအမျိုးအစား မှန်ကန်ရမည်။

(ထ) ပေးသွင်းသည့် ပစ္စည်းများအတွက် (၁)နှစ်အတွင်း ပျက်စီးမှုမရှိကြောင်း အာမခံရမည်။ သက်တမ်းအတွင်း ပျက်စီးမှုအတွက် ပစ္စည်းအသစ်လဲလှယ်ပေးရမည်။

(ဒ ) ဈေးနှုန်းတင်သွင်းလွှာများအား အချိန်မီအရောက်ပေးပို့ရန်နှင့် နောက်ကျမှရောက်ရှိလာသော ဈေးနှုန်းတင်သွင်းလွှာများအား ထည့်သွင်းစဉ်းစား ဆောင်ရွက်ပေးမည် မဟုတ်ပါ။

၃။ သို့ဖြစ်ပါ၍ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးအမှတ်(၃)၊ စီမံရေးရာဌာနခွဲ၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ (ဖုန်းအမှတ် ၀၆၇-၄၀၈၆၁၃)တို့တွင် ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
(နေဆန်း၊ ညွှန်ကြားရေးမှူး)

D:\2023\Tender\စက်ကိရိယာ.docx

**ဖြန့်ဝေခြင်း(ကြော်ငြာသင်ပုန်းတွင်ကပ်၍ ကြော်ငြာပေးပါရန်)**

ညွှန်ကြားရေးမှူး၊ စီမံရေးရာဌာနခွဲ၊ ကုန်သွယ်ရေးဦးစီးဌာန

ညွှန်ကြားရေးမှူး၊ စီမံရေးရာဌာနခွဲ၊ စားသုံးသူရေးရာဦးစီးဌာန

ညွှန်ကြားရေးမှူး၊ စီမံရေးရာဌာနခွဲ၊ မူပိုင်ခွင့်ဦးစီးဌာန

**မိတ္တူကို**

ဝန်ကြီးရုံး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ညွှန်ကြားရေးမှူးချုပ်ရုံး၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

ညွှန်ကြားရေးမှူးချုပ်(၁)ရုံး၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

လက်ခံ/မျှော